
အစိမ်းရောင်
သရဲခြောက်တဲ့ အပင်ကြီး

# သရဲခြောက်တဲ့ အပင်ကြီး

ဒီဝတ္ထုလေးကတော့ အဖြစ်မှန် အကြောင်းအရာ တစ်ခုကို အခြေခံ ယူထားကြောင်း ဝန်ခံအပ်ပါသည် ။

***

မြန်မာနိုင်ငံရှိ မြေလတ်ပိုင်း ဒေသအတွင်းမှာ ရှိတဲ့ ရွာလေး တစ်ရွာ မှာ ပါ။ ထိုရွာလေးကတော့ လယ်ယာ လုပ်ငန်းလေးနဲ့ အေးအေးချမ်းချ မ်း လုပ်ကိုင် စားသောက်နေကြတဲ့ ရွာလေးတစ်ရွာ ဖြစ်ပါတယ်။ ထိုရွာ လေးမှာ နေထိုင်ကြတဲ့ ရွာသူရွာသား အပေါင်းတို့ ကတော့ လယ်လုပ်တဲ့ သူက လယ်လုပ်။ တောထဲဝင်ပြီး မှိုတူး မျှစ်ချိုး စသဖြင့် အလုပ်ကို လု ပ်တဲ့ သူကလုပ်။ နေ့စဉ် နေ့တိုင်း မှာ တော့ အလုပ်နဲ့ လက်နဲ့ ပြတ်တဲ့ သူ ရယ်လို့ တော့ သိပ်ပြီး မရှိကြပါဘူး။

ပင်ပန်းတဲ့ သူ တချို့ရယ် ဆေးဖြစ်ဝါးဖြစ် သောက်တတ်သူရယ် ဒါမှ မဟုတ် ကြိုက်လို့ စွဲစွဲမြဲမြဲ သောက်တတ်သူတွေရယ် အဖို့ ရွာထိပ်မှာ ရှိ တဲ့ ဘုံဆိုင်မှာ တော့ ညနေတိုင်းလိုလိုမှာ လူသူလေးပါး စည်ကားလျက် ရှိပါတယ်။ ရန်တွေဘာတွေတော့ ဖြစ်တယ်လို့ မရှိလှပါဘူး။ ကိုယ့် တစ် ရွာတည်းသားတွေ ဆိုတော့လည်း စလိုက်နောက်လိုက်နဲ့ ပျော်စရာ တော့ ကောင်းလှပါတယ်။

ဒီကနေ့ ညနေမှာ လည်း ထုံးစံအတိုင်းပါပဲ။ ရွာထိပ် ဘုံဆိုင်မှာ

တော့ လူသူစည်ကားနေပြီး ရောက် တတ်ရာရာ ပြောဆိုနေရင်းကနေ ရွာသား တစ်ယောက်က ပြောလိုက်ပါတယ်။

"ညတုန်းကလည်း ကိုချက်ကြီးတစ်ယောက် သရဲခြောက်တာကို ခံ လိုက်ရ သေးတယ်တဲ့ "

"ဟင် ... ဟုတ်လား အဲဒီအပင်ကြီး နားမှာ ပဲလားဗျ"

တစ်ယောက်က ဒီလို မေးလိုက်တော့ ဘေးမှ ရွာသားတစ်ယောက် ကလည်း ထပ်ပြောလိုက်ပါတယ်။

"အေးလေကွာ သရဲခြောက်တာက ဒီအပင်ကြီးပဲ ရှိတာလေ ... ငါတို့ ရွာလည်း ခက်ပါတယ်ကွာ ညရောက်တာနဲ့ ခြောက်တော့တာပဲ"

ထိုအခါ ပထမ စပြောတဲ့ သူက သူ့ရဲ့ စကားကို ပြန်ဆက်လိုက်ပါတ ယ်။

"ဟုတ်တယ်ဗျ ... ကိုချက်ကြီးက ညနေလောက်မှာ ဟိုဘက်ရွာကို အ မဲပေါ်လို့ ဆိုပြီး သွားယူတာဗျ ... အပြန်မှာ မှောင်သွားတယ်တဲ့ ... ဒီ တော့ ကြောက်ကြောက်လန့်လန့်နဲ့ ပြန်အလာမှာ အဲဒီအပင်ကြီးနားကို ရောက်တော့ အမဲသားတွဲကို တစ်ယောက်ယောက်က ဆွဲနေတာတဲ့ ဗျ ... ပြီးတော့ ဆွဲနေတဲ့ သူကိုလည်း အကောင်အထည် မမြင်ရဘူး ... အဲဒီမှာ ပဲ သူလည်း အမဲသားတွဲကြီး ထားခဲ့ပြီး အော်ပြေး လာတာတဲ့ ဗျ ... "

"ဟာ ... ကြောက်စရာကြီးကွာ ... ဒီအပင်ကြီးနားကိုတော့ ငါတို့ လ ည်း ညဘက် ဘယ်တော့မှ မဖြတ်ရဲဘူးဟေ့"

တစ်ယောက်က ဒီလို ပြောလိုက်တော့ ...

"သိပါတယ် သတ္တိခဲကြီးရေ ဟား ... ဟား ... ဟား..."

တစ်ယောက်နဲ့ တစ်ယောက် စနောက် ပြောဆိုပြီး ရောက်တတ်ရာ ရာ စကားတွေကို ထပ်ပြောကာ ညနေ နေဝင်ခါနီးမှာ တော့ အသီးသီး လမ်းခွဲကာ ကိုယ့်အိမ်ကိုယ် ပြန်ခဲ့ကြပါတော့တယ်။

ဟုတ်တော့လည်း ဟုတ်ပါတယ်။ ထိုရွာလေးက ပျော်စရာ ကောင်း သလောက် ဒီအပင်ကြီး ရှိတဲ့ နေရာကို ရွာသူရွာသားတွေ အကုန်လုံးက ကြောက်ကြတာပါ။ အဲဒီရွာလေးရဲ့ ရာဇဝင်ကတော့ ဒီလိုပါ ...

ထိုရွာလေးမှာ တော့ လွန်ခဲ့တဲ့ ငါးနှစ်လောက်က ငွေတိုးချေးစားတဲ့ ဦးဖိုးထွေး ဆိုတဲ့ လူတစ်ယောက် ရှိပါတယ်။ ငွေတိုးချေးစားတဲ့ သူတွေ အားလုံး မဟုတ်ပေမဲ့ အဲဒီ ဦးဖိုးထွေး ဆိုသူကတော့ ပြောဆိုဆက်ဆံ ရာမှာ လည်း ဘယ်သူနဲ့ မှ အပေါက်အလမ်း မတည့်ပါဘူး။ ငွေချေးပြီးလို့ ပြန်ဆပ်မဲ့ အချိန်ရောက်ရင် ဘယ်သူ့ မျက်နှာမှ မထောက်ဘဲ ကြမ်းတမ်း စွာ ပြောတော့တာပါပဲ။ ရွာထဲက လူတွေက သူနဲ့ မလွတ်ကင်းနိုင် ကြ တော့လည်း အောင့်သက်သက်နဲ့ ပဲ ခံနေရတော့တာပေါ့။

ဒါပေမဲ့လည်း ပစ္စည်းဥစ္စာ ဆိုတာကလည်း မမြဲခြင်းတရားကို ဆော င်နေတယ်ဆိုတာ လူတွေက သတိပြုခဲ့ လှပါတယ်။ ပုထုဇဉ်လူသားတွေ ဆိုတော့ မက်မော တွယ်တာမှုကို မစွန့်လွှတ် နိုင်တာကလည်း သဘာဝ ပဲပေါ့။

ဖြစ်ချင်တော့ တစ်ညမှာ ပေါ့ ... ဦးဖိုးထွေးရဲ့ အိမ်ကို မားပြတွေက ဝ င်တိုက်ပါလေတယ်။ သူ့ရဲ့ အိမ်က ရွာထိပ်မှာ ထီးထီးကြီး ဆောက်ထား တာ ဆိုတော့ ပတ်ဝန်းကျင်နဲ့ လည်း အလှမ်းဝေးတာပေါ့။ အဲဒီညမှာ ပဲ သူလည်း မားပြတိုက် ခံခဲ့ရပြီး သူ့ဆီမှာ ရှိတဲ့ ပစ္စည်းဥစ္စာ ငွေကြေးတွေ က တက်တက်စင်အောင်ကို ကုန်သွားပါတော့တယ်။

အဲဒီလိုဖြစ်သွားတဲ့ အခါမှာ တော့ သူ့ရဲ့ ပစ္စည်းတွေလည်း ကုန်။ ရွာ

ထဲက လူတွေကိုလည်း ဒီလို ဓားပြတိုက်တာကို လာပြီး မကူညီရ ကောင်းလားဆိုကာ အပြစ်မြင်ခဲ့ ပါတော့တယ်။ အမှန်ကတော့ ရွာသူရွာသားတွေက သူ့ရဲ့ အိမ်မှာ ဓားပြတိုက်ခဲ့တာကို ဘယ်သူမှ မသိလိုက်တာပါ။

ဦးဖိုးထွေး ခမြာမှာ တော့ စိတ်တွေလည်း ညစ်စိတ်ဓာတ်တွေလည်း အကြီးအကျယ် ကျခဲ့ပါတယ်။ ငွေမက်သူပီပီ ဒီလို ပစ္စည်းတွေ ကုန်ခန်းသွားလေတော့ နောက်ဆုံးမှာ စိတ်ညစ်ညစ်နဲ့ အိမ်ရှေ့မှာ ရှိတဲ့ ကျီးပင်ကြီးရှိရာကို သွားပြီး ကိုယ့်ကိုယ်ကိုယ် ဆွဲကြိုးချကာ သတ်သေ လိုက်ပါတော့တယ်။

ဦးဖိုးထွေး သေဆုံးပြီး နောက်ပိုင်းမှာ တော့ ညနေ နေဝင်ရီသရော အချိန်ကစပြီး သူသတ်သေသွားတဲ့ အပင်ကြီး အနားကနေ ဖြတ်သွားတဲ့ သူတိုင်းကို ခြောက်လှန့်တာ ခံရပါတော့တယ်။ သစ်ပင်ပေါ်ကနေ ဇောက်ထိုးကြီး တွဲလွဲ ချပြတာတွေ။ လမ်းလျှောက်သွားရင်းနဲ့ အပင်ပေါ်ကနေ ခေါ်သံ ကြားလို့ မော့ကြည့်လိုက်ရင် အပင်ပေါ်မှာ မည်းမည်းအကောင်ကြီး တစ်ကောင် ငုတ်တုတ်ကြီး ထိုင်နေတာကို တွေ့ကြရတာတွေ။ ပြီးတော့ အပင်နားကို လူတစ်ယောက်ယောက် ရောက်လာခဲ့ရင် အပုပ်နံ့ ပေးတာတွေ လေမတိုက်ပါပဲ သစ်ကိုင်းတွေ ချိုးချိုးချွတ်ချွတ် မြည်နေအောင် လှုပ်ပြတာမျိုးတွေ စသဖြင့် စုံနေအောင်ကို အခြောက်အလှန့် ခံကြရပါတယ်။ ကြာလာတော့ ညမှောင်ပြီဆိုတာနဲ့ ဘယ်သူကမှ အဲဒီအပင်ကြီး နားကနေ မဖြတ်ရဲကြတော့ပါဘူး။

***

တစ်ခါကလည်း မြို့ကနေလာတဲ့ ဧည့်သည် တစ်ယောက်က ညမှော

ငါရိပ် တန်းကလေးမှာ အပင်ကြီးနားကနေ ဖြတ်လာခဲ့ပါတယ်။ ထိုလူကတော့ ရွာထဲမှာ ရှိတဲ့ အသိမိတ်ဆွေ တစ်ယောက်ဆီကို အလည်လာတာပါ။ လမ်းမှာ ကားဘီးပေါက် သွားတဲ့ အတွက် အချိန်နည်းနည်းလောက်သွားတာပေါ့။ ပြီးတော့ ရွာထိပ် အပင်ကြီးမှာ သရဲခြောက်တဲ့ အကြောင်းကိုလည်း မသိလေတော့ အေးအေးလူလူနဲ့ ပဲ လျှောက်လာတာပေါ့။ အချိန်ကတော့ မမှောင်တမှောင်လေးပါ။ စာချိုးလေးနဲ့ ပြောရရင် ညီအစ်ကို မသိတသိ အချိန်လေးပေါ့။ ဒီလိုနဲ့ သီချင်းလေး တအေးအေးဆိုပြီး လျှောက်လာရင်း အပင်ကြီးနား အရောက်မှာ တော့ ... ဟင်း ... ဟင်း ... ဟင်း ... ဟင်း ... နဲ့ တစ်စုံတစ်ယောက်ရဲ့ ညည်းညူသံကို ကြားလိုက်ရပါတယ်။ သူလည်း တစ်ယောက်ယောက်များ ဒဏ်ရာရနေလို့ ညည်းနေတာလား ဒါမှ မဟုတ် ပိုးထိလို့ များ လားဆိုပြီး ဇဝေဇဝါ ဖြစ်သွားပြီး အသံကြားရာဆီကို လျှောက်ကြည့် လိုက်မိပါတယ်။

"အင်း ... အသံကတော့ ဒီအပင်ကြီး နားကပဲ ဘာဖြစ်လို့ ပါလိမ့်"

ဆိုပြီး ကြည့် လိုက်လေတော့ ထူးဆန်းစွာပဲ ဘာကိုမှ မတွေ့ရပါဘူး။ ထိုအခါ သူလည်း ကြက်သီး မွေးညင်းလေးတွေ ထလာမိပါတယ်။ နောက်တော့ ဗြုန်းခနဲဆို အပုပ်နံ့ကြီးက တထောင်းထောင်းနဲ့ ထလာပါတော့တယ်။ သူလည်း နှာခေါင်းကို လက်နဲ့ ပိတ်လို့ စိတ်ထဲက တစ်ခုခုပဲ ဆိုပြီး တွေးကာ ထိုနေရာကနေ ပြန်လှည့်ထွက်သွားဖို့ ခြေလှမ်းပြင် လိုက်ပါတယ်။

ဒီအခါမှာ တော့ အပင်ကြီးနားမှာ မည်းမည်းအရိပ်ကြီး တစ်ခု ရပ်နေတာကို ဖျတ်ခနဲ တွေ့လိုက်ရပါတယ်။ သူလည်း ကျောရိုး တစ်လျှောက် အေးစက်တောင့်တင်း လာကာ ကြက်သီးများကလည်း တဖြန်းဖြန်းနဲ့ ထလာပါတော့တယ်။ ဘာမှန်းတော့ မသိပေမဲ့ သရဲခြောက်တာလား

ဆိုတဲ့ အထင်နဲ့ ကြောက်စိတ်တွေ ဝင်လာမိပါတယ်။

ဒါနဲ့ ပြေးထွက်ဖို့ အတွက် ပြင်လိုက်တဲ့ အခါမှာ တော့ လေမတိုက်ပါပဲ အပင်ကြီးက တဝုန်းဝုန်းနဲ့ လှုပ်လာပါတော့တယ်။ သူလည်း ကြောက်ကြောက်နဲ့ ရွာထဲအထိ ရောက်အောင် ပြေးလာခဲ့ရ ပါတော့တယ်။ ရွာထဲရောက်တော့ မောကြီးပန်းကြီးနဲ့ ပြေးလာတဲ့ သူ့ကို အိမ်တစ်အိမ်က လှမ်းခေါ်ပြီး ရေမန်းတွေတိုက် ရေမန်းတွေနဲ့ ဖျန်းလိုက်တော့မှ သာ အကြောက်ပြေ သွားခဲ့ပါတော့တယ်။

***

ဒီလိုနဲ့ ပဲ အဲဒီ ရွာလေးမှာ တော့ ထိုအပင်ကြီးက တော်တော်လေးကို အခြေအနေ ဆိုးလာခဲ့ ပါတယ်။ ရွာထဲက လူတွေသာမက ရွာနီးချုပ်စပ်ကရော မြို့ကလာတဲ့ လူတွေပါ ညမှောင် လာတာနဲ့ အပင်ကြီးနားကနေ ဘယ်သူမှ မဖြတ်ရဲကြတော့ပါဘူး။

တစ်ခါကလည်း ရွာထဲက လူငါးယောက် မြို့ကို အရောင်းအဝယ် ကိစ္စတစ်ခုနဲ့ သွားကြပါတယ်။ ရွာကိုပြန်လာတဲ့ အခါမှာ တော့ ညမှောင်နေပါပြီ။ ဒါပေမဲ့လည်း ယောကျ်ားသား ငါးယောက် ဆိုတော့လည်း ကြောက်တဲ့ စိတ်တော့ သိပ်ပြီး မရှိကြဘူးပေါ့။ အားလုံးကတော့ မကြောက်ကြပေမဲ့ အပင်ကြီးနား နီး လာလေလေ ကြက်သီးမွေးညင်း

လေးတွေ ထထလာကြတာ အကုန်လုံးပါပဲ။ မသိမသာလေး တစ်ယောက်အနားကို တစ်ယောက်တိုးလို့ ခပ်လန့်လန့်နဲ့ ပဲ လျှောက်လာခဲ့ ကြပါတယ်။

လူဆိုတာကလည်း သရဲခြောက်တယ် ဆိုတဲ့ နေရာတွေကို ရောက်လာပြီ ဆိုတာနဲ့ သရဲ ခြောက်တတ်တဲ့ နေရာကို ကြည့်မိကြတာ သဘာဝပါပဲ။ ဒီလိုပါပဲ သူတို့ ငါးယောက်ကလည်း အပင်ကြီးနား ရောက်လာတော့ အပင်ကြီးပေါ်ကို ရုတ်တရက် လှမ်းကြည့်လိုက်ကြပါတယ်။

ဒီအခါမှာ တော့ အားလုံးက ကြောက်ကြောက်လန့်လန့်နဲ့ ဒရောသောပါး ဖရိုဖရဲ သူ့ထက်ငါ အပြိုင် ပြေးကြပါတော့တယ်။ သူတို့ တွေ့လိုက် ရတာကတော့ ...

အပင်ကြီးရဲ့ အကိုင်း တစ်ကိုင်းပေါ်မှာ မည်းမည်းကြီးကြီးနဲ့ အကောင်ကြီး တစ်ကောင်က ဆွဲကြိုးချနေတဲ့ ပုံစံအတိုင်း ကြိုးတန်းလန်းကြီးနဲ့ မြင်တွေ့ခဲ့တာပါ။ သူတို့ လည်း ကြောက်ကြောက်လန့်လန့်နဲ့ ပြေးကြကာ သူတို့ နေတဲ့ နေအိမ်တွေ ဆီကို ရောက်လာတော့ ...

"ကြိုးတန်းလန်းနဲ့ မည်းမည်းကြီး ... ကြိုးတန်းလန်းနဲ့ မည်းမည်းကြီး..."

ဆိုပြီး အထိတ်တလန့်နဲ့ ပဲ အော်နေကြပါတော့တယ်။ အိမ်ပေါ်မှာ ရှိတဲ့ လူတွေကတော့ ပရိတ်ရေတွေ ရေမန်းတွေ တိုက်ကာ ဝိုင်းဝန်း ချော့မော့ပြောဆို လိုက်တော့မှ သာ တဖြည်းဖြည်းနဲ့ အကြောက်ပြေသွားခဲ့ကြပါတယ်။ ဒါပေမဲ့ သူတို့ ငါးယောက်ထဲက နှစ်ယောက်ကတော့ သုံးရက်လောက် ဖျားသွားပါသေးတယ်။

ဒီလို ခြောက်လှန့်တာ ခဏခဏ ကြုံနေရလေတော့ ကြာလာတဲ့ အခါမှာ မဖြစ်တော့ဘူး ဆိုပြီး ရွာလူကြီးက ဦးဆောင်ကာ ရွာဦးကျောင်း

ဆရာတော်ဆီကို သွားပြီး လျှောက်တင်ပါတယ်။ ရွာမှာ လည်း အခြောက်လှန့်တွေ များ နေတဲ့ အတွက် အပင်ကြီးနားမှာ ပရိတ်ရွတ်ဖို့ အမျှဝေပေးဖို့ လျှောက်တင်ခဲ့တာပါ။ ဒီတော့ ညနေလောက်အချိန်မှာ ဘုန်ကြီးကျောင်းက ဆရာတော် သုံးပါး ကြွလာကြပြီး ရွာထိပ် အပင်ကြီးနားမှာ ပရိတ်ရွတ်ကာ အမျှဝေခဲ့ပါတယ်။

ဒါပေမဲ့ ထူးထူးခြားခြားပါ။ အမျှဝေနေသံ အဆုံးမှာ တော့ လေမတိုက်ပါပဲ ထိုအပင်ကြီးက တဝုန်းဝုန်းနဲ့ လှုပ်ခတ်ကာ လာပါတော့တယ်။ ရွာသူရွာသား အားလုံးကတော့ အေးချမ်းလောက်ပြီလို့ ယူဆလိုက်ကြပါတယ်။ ဒါပေမဲ့ ညရောက်တဲ့ အခါမှာ တော့ ... .

အပင်ကြီးဟာ တဝုန်းဝုန်းနဲ့ လှုပ်ခတ် ယိမ်းနွဲ့နေကာ တောက်ခက်တဲ့ အသံကြီးတွေအပြင် ...

"ငါမကျေနပ်ဘူး ... ."

"ငါမကျေနပ်ဘူး ... ."

ဆိုတဲ့ အသံကြီးတွေကို အနီးနားက အိမ်တွေက အတိုင်းသားပင်ကြားနေရပါတော့တယ်။ ဒီတော့ ဘယ်သူကမှ လည်း ထမကြည့်ရဲပဲ အိမ်ထဲမှာ သာ အောင်းနေခဲ့ကြပါတယ်။ ရွာထဲက လူတွေရဲ့ အေးချမ်းသွားပြီ ဆိုတဲ့ အတွေးကတော့ ပျောက်ဆုံး သွားခဲ့ပါတော့တယ်။ အားလုံးကလည်း ဘယ်လို လုပ်ကြရမလည်း ဆိုပြီး ကြံရာမရပဲ ဖြစ်နေခဲ့ကြပါတယ်။

***

ထိုရွာလေးမှာ တော့ သာဖေဆိုတဲ့ လူတစ်ယောက် ရှိပါတယ်။ သာ

ဖေကတော့ ဒီရွာမှာ ပဲမွေး ဒီရွာမှာ ပင် ကြီးတာပါ။ လူကောင်က ထွား ထွား။ ခြေဆံလက်ဆံက ကြီးကြီးနဲ့ လူကြမ်းကြီး တစ်ယောက် ပုံစံပင် ဖြစ်ပေမဲ့ ရွာထဲက လူတော်တော်များများ ကတော့ သာဖေကို ချစ်ခင်ကြ ပါတယ်။ ဘာကြောင့်လဲ ဆိုတော့ သာဖေက စိတ်ရင်းကောင်းတဲ့ သူတ စ်ယောက်ပါ။ မဟုတ်မခံတဲ့ စိတ်ကလေးလည်း ရှိတာပေါ့။ ရွာထဲက မင်္ဂ လာဆောင်ပဲ ဖြစ်ဖြစ်။ အလှူပဲ ဖြစ်ဖြစ်။ နောက်ဆုံး အသုဘ ရှိရင်ပဲ ဖြ စ်ဖြစ် သာဖေမပါတဲ့ နေရာဆိုတာ မရှိပါဘူး။

ထိုသို့ မင်္ဂလာဆောင်တွေ အလှူတွေ အသုဘတွေမှာ လုပ်ကိုင်စရာ ရှိတာ အကုန်ကို တစ်ခု မကျန်ဘဲ မျက်နှာလွှဲရအောင်ပင် ဝိုင်းဝန်း လုပ် ပေးတတ်ပါတယ်။ ဒါကြောင့်လည်း သာဖေကို အားလုံးက မရှိမဖြစ် လို အပ်ကြတာပါ။ သရဲတစ္ဆေ ဆိုရင်လည်း သာဖေတို့ က ရှိတယ်လို့ တော င် မထင်တတ်ပါဘူး။ ရွာထဲကလူတွေနဲ့ အလောင်းအစား လုပ်ကာ သင်္ချိ ုင်းကုန်းလို နေရာမျိုးမှာ သွားအိပ်ခဲ့တာ ကလည်း အကြိမ်ကြိမ်ပါပဲ။

အခုလည်း ဒီသရဲခြောက်တယ် ဆိုတဲ့ အပင်ကြီးအကြောင်းကို သာ ဖေလည်း ကြားနေရတာတော့ ကြာပါပြီ။ စိတ်ထဲမှာ တော့ ဘဝင် မကျ လှပါဘူး။ ကိုယ်လည်း ကိုယ့်စည်း။ ပရလောကမှာ လည်း ပရလောကစ ည်း ရှိသည် ပဲ။ သူလည်း သွားပြီး မစော်ကားနှင့်။ ကိုယ့်လည်း လာမ စော်ကားနှင့်။ ခုဟာက အကြောင်းမဲ့သက်သက် လူတွေကို ခြောက်လှန့် နေသည် ပဲ။ အမျှဝေလို့ လည်း မရ။ ဒီသရဲသဘက် ကတော့ လွန်တော့ လွန် လာပြီဟု သာဖေလည်း ပေါ့ပေါ့လေး တွေးမိလိုက်ပါတယ်။ သာဖေ လည်း ဒီအပင်ကြီးက သရဲခြောက်နေတဲ့ သတင်းတွေကို ကြားနေရပြီး နောက်ဆုံးမှာ တော့ ဆုံးဖြတ်ချက် တစ်ခုကို အခိုင်အမာပင် ချလိုက်ပါ တော့တယ်။

***